# သျှိုး

အလွမ်းကမ္ဘာအသချေ



GRAPHIC DESIGN THEIN SHWE KYI

## အခန်း(၁)

"ကေသရီ့ကို သနားပါ အမ်ဒီရယ်"

"မင်းကို သနားရုံနဲ့ ဒီပြဿနာက ပြေလည်သွားမှာ လား ကေသရီ"

"ကေသရီ့ကို လက်ထပ်လိုက်ရင် အားလုံးပြေလည်သွားမှာ ပါ"

"ပြောရခက်လိုက်တာ ကေသရီရယ်"

"ပြောရခက်တာ မဟုတ်ပါဘူးအမ်ဒီ၊ ကေသရီ့ နှလုံးသားက လှိုက်လှိုက်လှဲလှဲကြီးကို တောင်းဆိုနေလို့ ပါ"

"ဒါပေမဲ့ ဂုဏ်သိက္ခာက ရှိသေးတယ်လေ၊ ကိုယ်က ဒီဟိုတယ်ကြီးရဲ့ ပိုင်ရှင်၊ မင်းက ဒီဟို တယ်ရဲ့ ဝန်ထမ်းလေးတစ်ယောက် ကိုယ့်မှာ အိမ်ထောင်ရှိတယ်ဆိုတာ ဟိုတယ်တစ်ခုလုံးမပြောနဲ့ တစ်လောကလုံး သိလောက်တယ်၊ ဒီလိုအခြေအနေမျိုးကို သိသိကြီးနဲ့ လက်ခံခဲ့တဲ့ မင်းကရော ဘာဖြစ်သွားမလဲ"

အရာရာကို ရင်ဆိုင်ရဲသည့် အသင့်အနေအထားမျိုးဖြင့် ကေသရီ ဦးဘုန်းမြတ်မောင်ကို တည့်တည့် စိုက်ကြည့်လိုက်ပြီး

"အဲဒါတွေ ကေသရီ ဂရုမစိုက်ဘူး အဓိကက အမ်ဒီနဲ့ အတူတူနေရဖို့ ပဲ၊ လူတွေရဲ့ ကဲ့ရဲ့ ရှုတ်ချ တာတွေကို ဂရုစိုက်နေရင် လောကကြီးထဲမှာ နေစရာရှိမှာ မဟုတ်ဘူး "

တန်ဖိုးကြီးမြတ်သည့် အရာကို ပိုင်ဆိုင်ချင်မှ တော့ ဒီလောက်ပေးဆပ်ရတာ တန်သည် ဟု ကေသရီကျေကျေနပ်နပ်ကြီး လက်ခံပါသည် ။

တကယ်တမ်း လက်မခံနိုင်တာက ဦးဘုန်းမြတ်မောင်။

ကေသရီနှင့် စတင်ငြိစွန်းခဲ့သည့် အချိန်ကစလို့ ယခု အခြေအနေ ရောက်လာသည် အထိ ကေသရီ့ကို လက်ထပ်ယူဖို့ ဆိုတာ ယောင်လို့တောင် အတွေးမဝင်ခဲ့။

ခုလို လက်ထပ်ဖို့ အထိ တစ်ဆင့်တက်တောင်းဆိုလာတော့ ကေသရီ၏ အခွင့်အရေးယူမှုတွေကို စိတ်မှာ မခံမရပ်နိုင်ပင်ဖြစ်မိသေးသည် ။

"ဒီမှာ ကေသရီ မင်းက မစင်နဲ့ နံ့သာ လဲနိုင်ပေမယ့် ငါကတော့ မလဲနိုင်ဘူးကွ"

ပြတ်သားရင့်သီးသော စကားက ကေသရီ့မျှော်လင့်ချက်တွေကို အပိုင်းပိုင်း ကျိုးပြတ်စေ၏။ အင်အားချင်းမမျှမှ တော့ ကိုယ့်ဘက်ကဘာများ ထပ်တောင်းဆိုစရာ ကျန်သေးတော့လို့ လဲ။ ကိုယ်က မစင် ဖြစ်နေပြီပဲ။

"အမ်ဒီ ရက်စက်တယ်၊ ကေသရီ့ကို မသနားရင်တောင် ဗိုက်ထဲက ကလေးကိုတော့ ငဲ့ညှာ သနားသင့်တယ်"

"ငါက ငါ့ကိုယ်ငါတောင် တစ်ခါတလေ မငဲ့ညှာတတ်ဘူး ကေသရီ၊ မိန်းကလေးတွေနဲ့ ငါ ခုလို ဇာတ်လမ်းတွေ မကြာမကြာ ဖြစ်ကြတာဟာ လည်း ငါဘက်ကစတာ မဟုတ်ဘူး ၊ ငါ့ရဲ့ ပိုင်ဆိုင်မှုတွေကို မက်မောပြီး၊ သူတို့ ကိုယ်တိုင်ကိုက လိုလိုချင်ချင်နဲ့ သူတို့ ရဲ့ ဘဝကို လာပြီးပုံအောပေးကြတာ"

တရားမဲ့စကားပြောနေသော ဦးဘုန်းမြတ်မောင်ကို ကေသရီ စက်ဆုတ်စွာဖြင့် ကြည့်လိုက်သည် ။ မျက်ဝန်းသည် တင်းမာနေပေမယ့် မျ

က်ရည်တို့ကတော့ မျက်ခမ်းစပ်မှာ ဝေ့ဝဲ့ရစ်တွဲ ခိုနေကြသည်။

"အမ်ဒီ အသွေးအသားနဲ့ ဖြစ်လာတဲ့ ဟော့ဒီဗိုက်ထဲက **ကလေးကိုရော ကေသရီ ဘယ်လို** လုပ်ရမလဲ ဖျက်ချလိုက်လို့ တော့ လွယ်လွယ်နဲ့ မပြောပါနဲ့ အမ်ဒီ"

ဦးဘုန်းမြတ်မောင် အလေးအနက်မထားဟန်ဖြင့် ကျွတ်ခနဲ စုတ်သပ်ကာ သက်မတစ်ချက်ကို ဟင်းခနဲချပြီး

"ဒါကတော့ မင်းအပိုင်းလေ မင်းအတွက်ရော ဒီကလေးအတွက်ရော ငါ့ဘက်က တာဝန် သိသိနဲ့ သိန်းတစ်ထောင်နစ်နာကြေး ပေးထားတာပဲ၊ ငါ့ဆီက ဒီထက်ပိုလိုချင်လို့ မရတော့ဘူး ကေသရီ"

ကေသရီ နာကျင်စိတ်ကြောင့် အံတစ်ချက်ကို ကျဉ်ခနဲနေအောင် ကျိတ်လိုက်သည်။ လောကမှာ ငွေရှိပြီး စိတ်ဓာတ်အဆင့်အတန်း နိမ့်ကျညံ့ဖျင်းသော ဦးဘုန်းမြတ်မောင်လို ယောကျ်ား တွေ ရှိနေသေးတာဟာ လောကကြီးထဲမှာ မိန်းကလေးတွေအတွက် ကြီးမားသော အန္တရာယ်ပင်ဖြစ်သည်။

ဘဝနှင့်ရင်းပြီးမှ ရရှိလာသော အတွေ့အကြုံနှင့် ဆုံးရှုံးနာကျင်ခြင်းတွေကို မျက်စိမှိတ် ငြင်းဆန်နေ၍ မရတော့မည့်အတူတူ လာမည့်ဘေးကို ပြေးတွေ့ဖို့ သာ စိတ်ကိုရဲဆေးတင်ရတော့မှာ ပင်။

"ကောင်းပြီလေ ကေသရီ့ ဗိုက်ထဲက မွေးလာမယ့် ကလေးလေးက အဖေရှိရက်နဲ့ အဲဒီအဖေက တာဝန်ယူစိတ်မရှိမှ တော့ အဖေအမည်ခံပေးမယ့်သူ တစ်ယောက်ကို လက်ခံလိုက်ရတော့မှာ ပေါ့"

အရွဲ့တိုက်ချင်စိတ်တွေက ရင်ထဲမှ အမုန်းတရားတွေနှင့် အပြိုင်ရှင်သန်နေ၍ ကေသရီဖို့ ဘာကိုငဲ့ကွက်ရဦးမည်လဲ။

ကေသရီ့စကားကြောင့် ဦးဘုန်းမြတ်မောင်၏ မျက်နှာမှာ ကျေနပ်မှုတွေ ထိန်သွားကာ ခေါင်း တဆတ်ဆတ်ညိတ်ရင်း

"ဒါနဲ့ များ ဘာလို့ အချိန်ကုန်ခံပြီး လာအီနေရသေးလဲ ကေသရီရယ်၊ မ င်းမ႕ ၁ အဆင်သင့် လက်ထပ်ပေးမယ့်သူ ရှိနေမှ တော့ ငါ့ဘက်ကလည်း ထပ်ပြီး တာဝန်သိရတော့မှာ ပေါ့၊ မင်းတို့ မင်္ဂလာ စရိတ်အတွက် သိန်းတစ်ရာလက်ဖွဲ့ပေးမယ်၊ ဟုတ်ပြီလား ဒီနေရာနဲ့ ဝေးတဲ့ ဒေသတစ်ခုမှာ မင်းတို့ ခမ်းခမ်းနားနား မင်္ဂလာဆောင်ကြ"

ငွေဖြင့် ထပ်မံချွေးသိပ်နေသော ဦးဘုန်းမြတ်မောင်၏ ကျေအေးစကားကြောင့် ကေသရီ မဲ့ပြုံး တစ်ချက်ပြုံးကာ

"အခုလို အလိုက်တသိပေးတာ ကျေးဇူးတင်ပါတယ် အမ်ဒီ၊ ဒါပေမဲ့ ဒီကလေးအဖေအဖြစ် အမည်ခံပေးမယ့်သူက ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲကျင်းပရလောက်အောင် အဆင့်အတန်းရှိတဲ့ သူတစ်ယောက် မဟုတ်ဘူး "

"ဟင် ဘာဖြစ်လို့ လဲ"

အံ့အားသင့်၍ မေးလိုက်သော မေးခွန်းဖြစ်၍ ကေသရီကျေနပ်သွားသည် ။

"ဘာဖြစ်လို့ လဲဆိုတော့ ဒီကလေးအမည်ခံပေးမယ့်လူက ထောင်ထွက်သူခိုး ဂျပိုး တစ်ယောက်၊ လုံးဝ အခြေအမြစ်မရှိတဲ့ လမ်းဘေးအိပ် လမ်းဘေးစား ကလေကချေတစ်ယောက် ဖြစ်နေလို့ ပါပဲ၊ ဒါပေမဲ့ ဖခင်စိတ်မရှိတဲ့ အမ်ဒီထက်စာရင်တော့ သူကပိုပြီး ဂုဏ်သိက္ခာရှိချင်ရှိနေမှာပါ"

တစ်ချီတည်း အလဲထိုးခံလိုက်ရသဖြင့် ဦးဘုန်းမြတ်မောင် မျက်နှာ

ပြုံကျပျက်ယွင်း၍ သွားသည် ။

"အထက်တန်းစား လူကြီးလူကောင်းတစ်ယောက်လို့ အမည်ခံထားတဲ့ အမ်ဒီရဲ့ ကလေးကို လမ်းဘေးအိပ် လမ်းဘေးစား သူခိုးဂျပိုးတစ်ယောက်က အဖေအမည်ခံပေးတာ ကျေးဇူးတင်ထိုက်ရ မှာ ပေါ့ မဟုတ်ဘူး လား"

ကေသရီ့စကားက ဦးဘုန်းမြတ်မောင်၏ မျက်နှာကို အကြိမ်ကြိမ် ဖြတ်ရိုက်ခံရသလို ကြေမွ သွားသည် ။ သူ ကေသရီ့ကို ဘာဆက်ပြောရမလဲ။ ဒါဟာ မဖြစ်သင့်တဲ့ ကိစ္စတစ်ခုပဲ။

ကိုယ့်ဘက်က အဆုံးစွန်ထိ ပုတ်ထုတ်ပြီးကာမှ ခုလိုကိုယ့်ရှူးကိုယ်ပြန်ပတ်ခံရတာလောက် ခံရခက်တာမရှိတော့။

ကေသရီ မင်းရိုက်ချက်ပြင်းပါပေတယ်၊ ဒါပေမဲ့ ငါ့နှလုံးသားက မင်းကိုလက်မခံမှ တော့ ငါကရော ဘာကိုငဲ့ကွက်နေရဦးမှာ လဲ။

လူတိုင်း ကိုယ့်ရာဇဝင်ကို ကိုယ်ကိုယ်တိုင် ရေးကြရတာပဲ။

***

# အခန်း(၂)

စိုးရိမ်ပူပန်ခြင်းတွေနှင့် သက်မမောတွေ ထပ်ခါထပ်ခါချနေမိသော မြူရှင်းတိမ်၏ မျက်ဝန်း တွေသည် သောကတွေနှင့် ပြည့်နှက်နေ၏။

ဦးဘုန်းမြတ်မောင် သူ့ကို စာကြည့်ခန်းထဲမှာ စောင့်နေဖို့ ပြောထား၍ လာစောင့်နေရပေမယ့် စောင့်ခိုင်းရခြင်း၏ အကျိုးအကြောင်းကို မသိရသေးသမျှ မြူရှင်းတိမ်အဖို့ ရတက်မအေးနိုင်ပါ။

မေမေ့ကျန်းမာရေး အခြေအနေကြောင့် မေမေဟာ ဦးမောင်အပေါ် မယားဝတ္တရား မကျေပွန် သည့်အပြင် မေမေ့ဝေဒနာတွေကို ကုသပေးနေသော ဆေးကုသစရိတ်သည် သိန်းနှစ်ရာအထက်ပင် ရှိနေချေပြီ။

ရောဂါကို ငွေနဲ့ ဆက်ပြီး ကုနေရသော မေမေ့အခြေအနေကို စိတ်ပျက်စပြုလာ၍ မြူ့ကို ငြိုငြင်စကား ခေါ်ပြောတာများ လား ဟူသော အတွေးက လူကိုဆောက်တည်ရာမရ ဖြစ်စေတာတော့ အမှန်။

မိခင်၏ နောက်အိမ်ထောင်မို့ ဦးဘုန်းမြတ်မောင်ကို ပထွေးတစ်ယောက်အဖြစ်နှင့် တော်စပ်ခဲ့ ရပေမယ့် မြူ့စိတ်ထဲမှာ ဦးမောင်ကို ဖခင်တစ်ယောက်လို့ ပင် စိတ်မှာ မှတ်ခဲ့ပါ၏။

တစ်ဖက်သတ်ကြောင့်ကြနေသော အတွေးတို့ ကို ဓိဇာချဲ့ရင်း သက်မမောပင် ဘယ်နှကြိမ်ချ မိမှန်းမသိတော့။

အခန်းတံခါး ခပ်ဟဟ လှပ်၍ လာပြီး ဝင်လာသော

အရိပ်တစ်ခုကြောင့် မြူအခန်းဝကို ဖျတ် ခနဲဝေ့ကြည့်လိုက်သည် ။

"မမမြူ ဦးဦးက မမမြူ အိပ်ငိုက်မှာ စိုးလို့ အိပ်ချင်ပြေ ကော်ဖီတစ်ခွက် ပို့ခိုင်းလိုက်တယ်"

"သြော် အင်း အတော်ပဲ မမမြူလည်း အိပ်ချင်သလိုလိုကြီး ဖြစ်နေတာ ကျေးဇူးပဲ"

"ဦးဦးက မမမြူကို ဒီမှာ စောင့်ခိုင်းတာ ဘာကိစ္စရှိလို့ လဲ မသိဘူးနော်"

"ဘယ်သိပ့်ါမလဲ ကူးကူးရယ်၊ မမအထင်တော့ မေမေ့ဆေးကုစရိတ် ကုန်ကျငွေကို စာရင်းပြ မလို့ ထင်ပါရဲ့ "

ပြောရင်းနှင့် မျက်နှာညှိုးသွားသော မြူ့ကို ကူးကူးစိတ်မကောင်းစွာ ကြည့်လိုက်သည် ။ မဟုတ်လောက်ပါဘူးဟု ချွေးသိပ်စကားဆိုချင်ပေမယ့် ဦးဘုန်းမြတ်မောင်စိတ်က ပြောရတာမဟုတ်၊ အရာရာကို ငွေနဲ့ တန်ဖိုးဖြတ်ပြီး အရာရာကို စျေးတွက်တွက်တတ်သော ဦးဘုန်းမြတ်မောင်က ဒေါ်ခင်နှင်းဖြူ၏ စုံလင်များ ပြားလှသော ရောဂါတွေကို ငွေသောက်သောက်လဲကုန်အောင် ကုပေး နေရသည့်အတွက် စိတ်ထဲမှာ ငြိုငြင်ကောင်း ငြိုငြင်နေပေလိမ့်မည်။

ဟိုတယ်ပိုင်ရှင် သူဌေးကြီးဖြစ်ပေမယ့် ငွေနှင့်ပတ်သက်လျှင် သွေးရင်းသားရင်းကိုတောင် အလျှော့ပေးတတ်သူမဟုတ်။

ဒေါ်ခင်နှင်းဖြူနှင့်လက်ထပ်ပြီး ငါးနှစ်ပင်မပြည့်သေးသော အချိန်ကာလတစ်ခုမှာ ဒေါ်ခင်နှင်းဖြူထံမှ သားအိမ်ကင်ဆာဟု ခေါ်သော ဝေဒနာတစ်ခုက မဖိတ်ခေါ်ဘဲနှင့် ကံဆိုးစွာ ဝင်ရောက်လာသဖြင့် နိုင်ငံခြားမှာ ပင် သားအိမ်ကို သွားထုတ်ပစ်လိုက်ရသည် ။ ယခုတစ်ဖန်

သားအိမ်ကင်ဆာ ဝေဒနာသက်သာသွားတော့ အသည်းနှင့်ကျောက်ကပ်က ထလာပြန်သည် ။ ဒီကြားထဲ နှလုံးရောဂါကပါ အဆစ်ပါ လာလေတော့ ဦးဘုန်းမြတ်မောင်အပေါ် မယားဝတ္တရား မကျေပွန် နိုင်တော့ဘဲ အိပ်ရာထဲ ဗုန်းဗုန်းလဲနေရသော အခြေအနေနှင့် လောကဓံကို အံတုရင်း သေမယ့် ရက်ကို စောင့်နေရသူ။

"ကူးကူး ကူးကူး မမမြူပြောတာကြားလား"

ပခုံးကို ခပ်ဆတ်ဆတ်ပုတ်ပြီး ခေါ်လိုက်သောအသံကြောင့် ကူးကူး အတွေးမှ နိုးလာသူ တစ်ယောက်လို

"သြော် အင်း မမမြူ ဘာပြောတာလဲဟင်"

"ဟိုလေ မမမြူအစား မေမေ့ကို ဆေးသွားတိုက်ပေးပါလားလို့ "

"မမမြူ ပြောတာတောင် နောက်ကျနေပြီ ကူးကူးကို ဦးဦးက အန်တီဖြူ့ကို ဆေးသွားတိုက်လို့ ခိုင်းတာနဲ့ ကူးကူး သွားတိုက်ပြီးသွားပြီ ဆေးအရှိန်ကြောင့် အန်တီဖြူ အိပ်မောတောင်ကျနေ လောက်ပြီ"

"အင်းလေ ညကိုးနာရီတောင်ထိုးမှ တော့ မေမေလေည်း အိပ်လောက်ပြီပေါ့၊ ဦးမောင်က ထူးထူးခြားခြား မေမေ့ကို ဆေးတွေဘာတွေ တိုက်ခိုင်းလို့ ပါလား"

"ကဲပါ မမမြူရယ် ကော်ဖီပူပူတနန်းလေး သောက်လိုက်ဦး"

ကော်ဖီပန်းကန်လုံးကို ရှေ့သို့တိုးပေးနေသဖြင့် မြူ လှမ်းယူကာ မော့လိုက်သည် ။

ရင်မှာ သောကတွေ ဝင်မွှေနေသဖြင့် ကော်ဖီအရသာကိုလည်း မြူ ကောင်းကောင်း မခံစားဖြစ် တော့။

"ကူးကူး အိပ်ချင်အိပ်တော့လေ မနက်ကျရင်လည်း အစောကြီးထရဦးမှာ မဟုတ်လား"

"အင်း ဟုတ်တယ် မမမြူ ဝါး မမမြူ ပြောမှ ပဲ ချက်ချင်းအိပ်ချင်သွားရတယ်လို့ ကူးကူး မစောင့်တော့ဘူး အိပ်နှင့်တော့မယ်"

ပါးစပ်ကိုလက်ဝါးဖြင့်ကာပြီး သမ်းဝေလိုက်သော ကူးကူး အိပ်ချင်သွားပုံဖြင့် နှုတ်ဆက်ကာ အခန်းထဲမှ ပြန်ထွက်သွားသည် ။

မြူ နံရံမှ နာရီကို ကြည့်လိုက်တော့ ည ကိုးနာရီခွဲတိတိ၊ ထိုအချိန်ကာလသည် မြူ့ကို ဘယ်လို အပြောင်းအလဲတွေ ဖြစ်ပေါ်သွားစမလဲဆိုတာ မြူကြိုသိခဲ့လျှင်....။

***

# အခန်း(၃)

"မြူ စောင့်ရတာ ပျင်းနေပြီလား"

ရေချိုးပြီးစ ဆပ်ပြာနံ့သင်းသင်းနှင့်အတူ ညဝတ်အင်္ကျီဖားဖားကြီးဖြင့် ဝင်လာသော ဦးမောင်ကိုမြူ မော့ကြည့်လိုက်သည် ။

နုပျိုစွာ ရှင်းသန့်နေဆဲ ဦးမောင်မျက်နှာပေါ်မှာ မြူ့ကို စိတ်ဆင်းရဲစေမည့် စကားအကြောင်း အရာတွေပြောဖို့ အရိပ်တွေများ ပါမလားဟု မြူ မသိမသာ အကဲခတ်ကြည့်လိုက်သည် ။

ဦးမောင်မျက်နှာသည် ဟိုအရင်ကလောက် တည်တင်းမနေတာတော့ သေချာသည် ။ ဒီညမှာ ဦးမောင်မျက်နှာမှာ ဘာကြောင့် အပြုံးရိပ်သမမ်းရဲစေမည့် စကားအကြောင်း အရာတွေပြောဖို့ အရိပ်တွေများ ပါမလားဟု မြူ မသိမသာ အကဲခတ်ကြည့်လိုက်သည် ။

ဦးမောင်မျက်နှာသည် ဟိုအရင်ကလောက် တည်တင်းမနေတာတော့ သေချာသည် ။ ဒီညမှာ ဦးမောင်မျက်နှာမှာ ဘာကြောင့် အပြုံးရိပ်တွေ သမ်းနေသလဲဆိုတာ မြူ စဉ်းစား၍ မရ။

"မပျင်းပါဘူး ဦးမောင်၊ မြူ စာအုပ်ဖတ်နေတာပါ"

အမှန်ဆို မြူ စာအုပ်ကိုသာ ဖွင့်ဖတ်နေတာ မြူ့စိတ်တွေက စာအုပ်ထဲမှာ မရှိတာ။

ဦးမောင် နှစ်လိုဖွယ်အပြုံးတစ်ခုကို ပြုံးပြရင်း မြူ့အနားမှာ ဝင်ထိုင်လိုက်သည် ။

"ဦးမောင် မြူ့ကို ဘာပြောစရာရှိလို့ လဲ"

"ပြောစရာဆိုတာထက် ပေးစရာရှိတာပါ မြူ"

မြူ အံ့အားသင့်သော အကြေည့်ဖြင့် မဝံ့မရဲ မော့ကြည့်ရာ၏။

"ဒီနေ့ မြူ့ မွေးနေ့ မဟုတ်လား"

"ရှင် ဦး ဦးမောင် သိတယ်"

"သိတာပေါ့ မြူရ၊ ဒါကြောင့် မြူ့ကို မွေးနေ့လက်ဆောင်ပေးမလို့ "

အင်္ကျီအိတ်ကပ်ထဲမှ ကတ္တီပါဘူးနီနီတစ်ဘူးကို ထုတ်ယူပြီး ဖွင့်လိုက်သည် ။ မွေးနေ့ လက်ဆောင်ကို မမက်မောပေမယ့် မိန်းကလေးပီပီ ကတ္တီပါဘူးထဲမှာ ဘာပါလဲဆိုသည့် စပ်စုချင်စိတ်ဖြင့် မသိမသာ ခိုးကြည့်မိခြင်းရယ်ပါ။

မြူ ထပ်ဆင့်အံ့သြရပြန်သည် ။

အရည်အသွေးကောင်းလွန်းသော စိတ်လော့ကတ်ပါသော ဆွဲကြိုးတစ်ကုံး၊ မြူ လက်ခံဖို့ တော်တော်လေး ခက်လောက်အောင် လော့ကတ်သီး၏ တန်ဖိုးက ဈေးနည်းမည်မဟုတ်။

"ကြည့်ပါဦး မြူ သဘောကျလောက်မှာ ပါ၊ ဒါပြင်သစ်ကနေ လှမ်းမှာ ထားတာ"

မြူ့ စိတ်ထဲ ထင့်ခနဲ ဖြစ်သွားသည် ။ သို့သော် ဘာကြောင့် ထင့်သွားရသလဲဆိုတာကို မြူ ကိုယ်တိုင်တောင် ရေရေရာရာ မသိ။

"ဟောဒီ ဆွဲကြိုးလေးက မြူ့ လည်တိုင်ကကျော့ကျော့လေးနဲ့ ဆိုရင်

လိုက်ဖက်မယ်လို့ ကြံပြီး မျက်စိထဲ ပုံဖော်ပြီးသား"

ငြင်းဆန်လိုစိတ်တွေ လည်ချောင်းဝမှာ နင့်သီး၍ နေသည် ။

မြူ လက်ခံ၍ မဖြစ်ဘူးဟု ကိုယ့်မသိစိတ်က ပြန်၍ သတိပေးနေသလို ခံစားနေရ၏။

"ဟင့်အင်း မြူ လက်မခံပါရစေနဲ့ ဦးမောင်၊ မြူ့ မွေးနေ့ကို အမှတ်တရ သတိရပေးတာနဲ့ တင် မြူ ကျေးဇူးတင်ပါတယ်"

"လူတစ်ဖက်သားရဲ့ စေတနာကို ငြင်းဆန်တာ လူမှုရေးစိတ်ဓာတ်ပျက်ပြားတယ်လို့ ခေါ်တယ် မြူ"

"ဒါပေမဲ့ ဒီလောက်တန်ဖိုးကြီးတာကြီးကို မြူ ဘယ်လိုနေရာမျိုးမှာ ဝတ်မလဲ၊ မြူ့ကို ဒီလောက်တန်ဖိုးကြီးတာပေးစရာ မလိုလည်း မြူ့ကို ဒီအိမ်ကြီးရဲ့ အရိပ်မှာ ခိုခွင့်ပေးတဲ့ ဦးမောင်ကို ကျေးဇူးတင်နေမှာ ပါ"

တစ်ခုခုကိုပေးဆပ်ပြီးလျှင် တစ်ခုခုပြန်ယူတတ်သော ဦးမောင်၏ အကျင့်စရိုက်ကို သိထားမှ တော့ ဒီအခြေအနေဟာ မြူကို ထောင်ချောက်တစ်ခုထဲ ဝင်ခိုင်းနေပြီဟု မြူ ကောင်း ကောင်းကြီး သဘောပေါက်လိုက်သည် ။

မြူ သဘောပေါက်လိုက်ချိန်မှာ ဦးမောင် နောက်ကျောကို ရောက်နေပြီး မြူ့လည်တိုင်ပေါ်သို့ မွေးနေ့လက်ထောင် စိန်ဆွဲကြိုးလေးကို ကနုကယင် ဆွဲပေး၍ နေချေပြီ။

ဦးမောင်၏ အထိအတွေ့တွေသည် မြူ့လည်တိုင်နှင့် နားသယ်စပ်နားတစ်လျှောက်သို့ တရွေ့ရွေ့ ပွတ်သပ်လျက် မြူ့ကို ကြက်သီးတဖျန်းဖျန်း ထစေ၏။ ရင်တွေ တလှပ်လှပ်ခုန်လာစေ၏။ သွေးရိုးသားရိုး မဟုတ်တော့သော အပြုအမူထဲက မြူ ရုန်းထွက်မှ ဖြစ်တော့မည်။

"မြူ သွားတော့မယ် ဦးမောင်"

ဘာကြောင့်မှန်းမသိ မြူ့ခန္ဓာကိုယ်တစ်ခုလုံး အရုပ်ကြိုးပြတ်ဖြစ်ကာ ခြေတွေလက်တွေပင် မသယ်ချင်လောက်အောင် နုံးခွေချိနဲ့ သွားသည် ။ မြူ ထဖို့ အားယူပေမယ့် ထ၍ မရ။

"မြူ ဦးမောင် မြူ့ကို ချစ်တယ်"

ထင်မှတ်မထားသောစကားက မြူနှင့် မေမေရဲ့ ကမ္ဘာကို အထပ်ထပ်ပြိုယိုင်လဲသွားစေ၏။

"ဟင့်အင်း မ မဖြစ်နိုင်ဘူး ဦးမောင်၊ မြူတို့ က မေမေနဲ့ ပတ်သက်ပြီး သားအဖတော် ထားတာလေ"

ဝေဝါးမှုန်းမှိုင်းနေသော အမြင်အာရုံတွေကြားထဲမှာ မြူ ရအောင်ငြင်းဆန်ပါသည် ။ သို့သော် ဦးမောင်၏ လက်အစုံသည် မြူ့နောက်ကျောမှ နေ၍ မြူ့ခန္ဓာကိုယ်ကို သိမ်းဖက်လိုက်ပြီး မျက်နှာလည်တိုင်နှင့် ရင်အစုံကို တရစပ် နမ်းရှုံ့၍ နေချေပြီ။ ရင်မှာလှိုက်မောခြင်းတွေနှင့်အတူ မြူ ရှုန်းသည် ။ ဓာချွေးတွေပြန်လာသည် ။ အော်ပေမယ့် အသံက ထွက်မလာ။ လူတစ်ကိုယ်လုံး လေထဲ မှာ မြောက်နေသလို ခံစားနေရသည် ။

"ဦးမောင် မြူ တောင်းပန်ပါတယ် မြူ့ဘဝကို မဖျက်ဆီးပါနဲ့ "

ငိုသံနှောသော အသံပလုံးပထွေးတွေက ဦးမောင်၏ ရမ္မက်ဓာတွေကို မထိုးဖောက်နိုင်။ ဦးမောင်၏ လက်အစုံက မြူ့ခန္ဓာကိုယ့်အနှံ့ အပိုင်သိမ်းလေပြီ။

"မင်းဘဝကို ဖျက်ဆီးတာ မဟုတ်ဘူး ၊ ငါ့ရင်ထဲက လိုနေတဲ့ ကွက်လပ်တစ်ခုကို ဖြည့်ဆည်း လိုက်တာ၊ မင်း ကြည်ကြည်ဖြူဖြူနဲ့ လိုက်

လျှောလိုက်ပါ မြူ၊ အဲဒီအတွက် မနစ်နာစေရဘူး"

ဦးမောင် မြူ့ခန္ဓာကိုယ်ပေါ် အုပ်မိုးလာသည် အထိ မြူ ယဲ့ယဲ့ လေးသာရှိသော အင်အားလေး နှင့် ရအောင်ရုန်းသည် ။

"ရှင် လူယုတ်မာ၊ လွှတ် ဖယ်ပါ မြူ အော်လိုက်မှာ နော်"

"အော်လေ မင်း အဲလို အော်မယ်မှန်းသိလို့ မင်းသောက်မယ့် ကော်ဖီထဲကို စိတ်ကြွဆေးပြားတွေ ထည့်ထားပေးတာ၊ အခု အစမို့ မင်း ငြင်းနေတာ၊ နောက်ပိုင်းကျရင် အဲဒီဖီလင်ကို မင်းနှစ်သက် သွားမှာ ပါ ကလေးရယ်၊ ဒီတော့ ဦးမောင်တို့ အပေးအယူမျှတဲ့ အချစ်တွေနဲ့ ဒီတစ်ညကို ကျော်ဖြတ် လိုက်ကြရအောင် နောက်ပိုင်း မြူ ဦးမောင်ကို သဘောကျသွားမှာ ပါ"

သွားပြီ၊ မြူ့ ဘဝဟာ လူယုတ်မာတစ်ယောက်၏ လက်ထဲမှာ အဆုံးသတ်သွားပြီ၊ ခု မြူ ဘာတတ်နိုင်တော့မှာ လဲ။ မြူ့ကို ဘယ်သူက လာကယ်တော့မှာ လဲ၊ မြူ ဘယ်သူ့ကို အကူအညီ တောင်း ရမလဲ။ မေမေ့ကိုလား ကူးကူးကိုလား လောကကြီးကိုလား။

ခုလောလောဆယ်တော့ ဦးမောင်၏ အသာငမ်းငမ်း ဆာလောင်မွတ်သိပ်နေသော ရမ္မက်တွေ အောက်မှာ မြူ ဘယ်လိုမှ ရုန်းမထွက်နိုင်ခဲ့။

မျက်စိမှိတ် အံကြိတ်နေရုံမှ အပ အော်ဂလီဆန်စရာကောင်းသော အထိအတွေ့တွေကို စိတ်ထဲ က ပိုးစိုးပက်စက် ကျိန်ဆဲနေရုံပဲပေါ့။

***

# အခန်း(၄)

"သြကာသ သြကာသ သြကာသ ကာယကံ"

"ဘုန်း ဘုန်း ဘုန်း"

"အင်းကွာ သေစမ်း သေလိုက်စမ်း"

"ဘုန်း ဘုန်း"

မနက်ဝေလီဝေလင်းအချိန်မှာ သရ၏ အငြိုးတကြီး အော်ဟစ်နေသောအသံနှင့် တဘုန်းဘုန်း ထုရိုက်နေသော ဒေါ်သစ္စာခင် ဘုရားပင် ရှိခိုး၍ မရတော့။

"အရှင်ဘုရား နောက်မှ ငါးပါးသီလပြန်ခံပြီး အစကပြန်ရှိခိုးပေးပါတော့မယ် ဘုရား"

ထိုသို့ပြောပြီး ဦးသုံးကြိမ်ကို ကမန်းကတန်းချ၍ ကန်တော့ပြီး သရအခန်းဆီသို့ ခပ်သွယ်သွယ် လှမ်းဝင်လာလိုက်၏။

"ဟဲ့ သရ မနက်စောစောစီးစီး ဘာတွေ အဘိဇ္ဈာပွားနေရတာတုန်းဟယ်၊ မအေမှာ ဘုရား တောင် ဖြောင့်အောင်မရှိခိုးရဘူး တကယ်ပဲ"

"ဒီမှာ လေ အမေရ၊ သားကို တစ်ညလုံး အိပ်မရအောင် သွေးစုပ်နေတဲ့ သွေးစုပ်ဖုတ်ကောင် တွေ"

ဂွမ်းကပ်ပေါ်မှ တရွေ့ရွေ့သွားနေသည့် ကြမ်းပိုးတစ်ကောင်ကို လ

က်ညှိုးထိုးပြီး ပြောနေသော သားဖြစ်သူကို ကြည့်ပြီး ဒေါ်သစ္စာခင် စိတ်ပျက်စွာ ခေါင်းယမ်းလိုက်သည် ။

"အမလေး ဖြစ်ရချည်ရဲ့ ဟယ်၊ ဒီကြမ်းပိုလေး ပိစိညှောက်တောင့်ကို ခုလို လူကြားမကောင်း သူကြားမကောင်း ခုနစ်အိမ်ရှစ်အိမ်ကြားအောင် သတ္တဝါနဲ့ လက်နက်နဲ့ မမျှ အော်ဟစ်သတ်ဖြတ် စရာ လိုလို့ လား၊ စည်ပင်က လမ်းကြိတ်စက်ငှားပြီး ဒီလောက် ဂျပိုးများ အိမ်ကိုပါ တစ်ပါတည်း ကြိတ်ပစ် လိုက်ပါလား ဟွန်း"

"အိမ်ကို ကြိတ်ပစ်ရင် သားတို့ နေစရာ ဘုံပျောက်မှာ စိုးလို့ အမေရ။ နို့မို့ဆို ကြိတ်ပြီးသားပဲ"

"ကြည့်ပါဦး မနက်စောစောစီးစီး အကုသိုလ်များ နေလိုက်တာ သူတို့က တိရစ္ဆာန်ပဲ၊ သူ့ဝမ်းစာအတွက် သူလုပ်သင့်လုပ်ထိုက်တာ လုပ်တာလေ၊ သဒ္ဓါစိတ်ကလေးနဲ့ နားလည် ပေး လိုက်လို့ မရဘူလား သားရယ်၊ သွေးလှူတယ်လို့ သဘောထားလိုက်ပေ့ါ၊ ဘယ်လောက်ကုသိုလ် ရလိုက်မလဲ"

ကလေးဆန်သော သားကို လေပြည်လေးနှင့် တရားချသည် ။

"အား အမေကလည်း ဒီလောက် ယားအောင်ကိုက်တဲ့ ကောင်တွေကို သွေးမလှူနိုင်ပါဘူး၊ ညည ဒီကောင်တွေ နှောင့်ယှက်လို့ မအိပ်ရတဲ့ ညတွေများ ပြီ၊ လူက ဇီးကွက်ဖြစ်တော့မယ်၊ ညဘက်ကောင်းကောင်း အိပ်ချင်ရင် လမ်းထိပ်ကကင်းတဲမှာ သွားအိပ်ရမယ့်ပုံပေါက်နေပြီ"

"ဒါဆိုလည်း သွားအိပ်လိုက်၊ ကင်းတဲမှာ ဂျပိုးတော့ မရှိဘူး သူခိုးတော့ မင်းလည်ပင်းက ဆွဲကြိုး လာဖြုတ်မှာ ကျိန်းသေတယ်"

"ဒီသားအမိနှစ်ယောက် ဘာဖြစ်နေကြတာလဲ၊ မနက်ဖြင့် မိုးမလင်း

သေးဘူး၊ အသံတွေက ဆူညံနေတာပဲ၊ တတိယ ကမ္ဘာစစ်ကြီးများ အိမ်ထဲခုန်ဝင်လာသလား"

အလုပ်မရှိ အကိုင်မရှိ တစ်ရာ့ကိုးတစ်ရာတစ်ဆယ် ဦးလေးရာကျော်သည် ကျွတ်လု ကျွတ်ခင် ပုဆိုးစကို ရင်ခေါင်းအထိ ဆွဲမရင်း သရတို့ သားအမိရှိရာသို့ အိပ်မှုံစုံမွှား ထလာ၏။

မောင်ဖြစ်သူကို ဒေါ်သစ္စာခင် မဲ့ကာရွဲ့ကာ ကြည့်လိုက်ပြီး

"ဒီငမူး ကိုယ့်ဟာကိုယ် အိပ်စရာရှိ မအိပ်ဘူး၊ ကိုယ်နဲ့ မဆိုင်တာ ဝင်ပါပြန်ပြီ"

"ဟ အစ်မရဲ့ မပါလို့ ရမလားဗျ၊ ဒါ လူအိပ်ချိန်လေ၊ အခု အစ်မတို့ သားအမိကြောင့် ကျွန်တော့်ရဲ့ နတ်စည်းစိမ်လေး ပျက်သွားပြီ၊ အိပ်မက်ထဲမှာ ကျွန်တော်က အာစီယံနိုင်ငံ ဆယ်နိုင်ငံ ကို ကိုယ်စားပြုထားတဲ့ မိန်းမဆယ်ယောက်နဲ့ တစ်ပြိုင်နက်တည်း လက်ထပ်နေတာဗျ"

"အဟီး ခွီး ခွီး ခွီး"

ဦးလေး ရာကျော် စကားကြောင့် ကြမ်းပိုးကို တင်းနေသော သရ ခွီးခနဲ ရယ်လိုက်သည် ။

"ဟော့ကောင် ဘာရယ်တာလဲကွ၊ ငါအဟုတ်မက်နေတဲ့ အိပ်မက် မင်းတို့ သား အမိကြောင့် ငါ့အိပ်မက်ကို ဆုံးရှုံးလိုက်ရပြီ"

"အံမယ် အံမယ် ငမူးကောင်ကတော့ မနက်စောစောစီးစီး ပေါက်ပန်းလေးဆယ်တွေကို အရည်မရ အဖတ်မရ ပြောနေတယ်၊ သွားတစ်ယောက်မှ ပြန်မအိပ်နဲ့ တော့ ရာကျော်၊ မင်းနောက်ဖေးရေစည်ထဲ ရေသွားဖြည့်၊ သရ မင်းက ချောင်းဘေးနားက အမှ ိုက်ပုံမှာ အမှ ုက်သွားပစ်ချေ "

တစ်ချက်လွှတ် အမိန့်ကြောင့် ဦးရာကျော်ရော သရရော မျက်နှာတွေမှဲ့ကာ ခေါင်းတွေပြိုင်တူ ကုတ်ကုန်ကြသည်။

"အာ ဟာ အမေကလည်း ဗျာ စောစောစီးစီး အမှိုက်သွားပစ်စရာလားလို့ လင်းလင်းထင်း ထင်းမှ ပစ်လည်း ရတဲ့ ဟာကို၊ ကျွန်တော့်ကို သရဲခြောက်ရင် ဘယ့်နှယ်လုပ်မလဲ"

"အေးလေဗျာ အစ်မကလည်း ကျွန်တော်ရေသွားခပ်ရမယ့်ရေကန်ဘေးနားက ပျဉ်းမပင်ကြီး ကလည်း သရဲခြောက်တယ်၊ နော် မသွားရဲဘူး၊ ခြောက်တဲ့ သရဲက မိန်းမဆိုရင်တောင် ကျွန်တော် မငြင်းပါဘူးဗျာ၊ ခုခြောက်မယ့် သရဲက အရက်သမား ပေါင်တိုကြီးဗျ"

ယောက်ျားရင့်မကြီးဖြစ်ပေမယ့် ရာကျော်ရော သရရော သရဲကို ကြောက်ကြတာချင်း တူတူပင်။

"ဒါတွေ ငါ နားမလည်ဘူး၊ မင်းတို့ က မိုးလင်းတာနဲ့ တူလုပ်တဲ့ သူ က ဟိုယောင်ယောင် ဒီယောင်ယောင် အလုပ်ကို ထွက်သွားမယ်၊ ဦးလေးလုပ်သူက ကိုခွေးနီအရက်ဆိုင်မှာ အရက်နဲ့ မျက်နှာသစ်ပြီး ရပ်ကွက်ထဲမှာ အာဝဓါဒေးလိုက်တော့မယ်လေ၊ ဒီတော့ ရေခပ်တဲ့ အလုပ်ရော အမှိုက် ပစ်တဲ့ အလုပ်ရော ငါပဲလုပ်ရတော့မှာ ပေါ့ ဟုတ်လား"

"အဲ အဲလိုလည်း မဟုတ်ဘူး လေ အမေရာ၊ အင်း ကဲပါလေ ကျွန်တော်လည်း ဒီကြမ်းပိုးကြောင့် အိပ်မရမယ့်အတူတူ မထူးတော့ပါဘူး၊ အမှိုက်သွားပစ်ဆိုလည်း ပစ်ပါမယ်၊ ဒါပေမဲ့ ပဲပြုတ်သည် လေးကိုတော့ ခဏစောင့်ပါရစေဦး"

"ဘာလဲ ပဲပြုတ်နဲ့ ထမင်းစားမလို့ လား"

"ဟုတ်ဘူး အဟဲ ဟိုလေ သားကို ညတိုင်း ကိုက်နေတဲ့ ကြမ်းပိုးကို

ပဲပြုတ်သည် နဲ့ ထည့်ပေး မလို့ "

"အလိုတော် ဘာအရူးထဦးမလိုလဲ"

"အရူးထတာ မဟုတ်ဘူး ၊ သား သူငယ်ချင်း အဒေါ်ကပြောတယ် အိမ်မှာ ကြမ်းပိုးတအားထူနေ ရင် ပဲပြုတ်သည် ဆီမှာ ပဲ ပဲပြုတ်ခေါ်ဝယ်ပြီး ဂျပိုးရေ မင်း ငါနဲ့ မနေနဲ့ တော့ ပဲပြုတ်သည် အိမ်ကို လိုက် သွားတော့ဆိုပြီး မသိမသာ ထည့်ပေးလိုက်ရင် အိမ်မှာ ဂျပိုးမျိုးပြုတ်ရောတဲ့ "

တစ်ခါမှ မကြားဖူးသော ရူးကြောင်ကြောင် စကားကြောင့် ဒေါ်သစ္စာခင် အူကြောင်ကြောင် ဖြင့် မယုံသည့်ဟန်ဖြင့် မဲ့လိုက်သည် ။

"ဟွန်း ဦးလေးက ငမူး တူက ငရူး၊ ဟုတ်နေတာပဲ ကြမ်းပိုးက ပဲပြုတ်သည် နောက်ကို တပ်ချီပြီး လိုက်သွားမလား၊ ပဲပြုတ်သည် ကပဲ သူ့ဈေးဘန်းထဲ ကြမ်းပိုးတစ်ကောင် ထည့်ပေးတာသိသွားလို့ ကလော်ပဲ တုတ်ခံရမလား၊ တစ်ခုခုတော့ တစ်ခုခုပဲ"

ဒေါ်သစ္စာခင် ထိုသို့ပြောပြီး ဘုရားခန်းဆီသို့ ပြန်လျှောက်လာရင်း ခပ်ဖျော့ဖျော့ ပြုံးလိုက် သည် ။

သားဦးအရူးဆိုတာ ဒါပဲထင်ပါရဲ့ ....။

***